# မိုင်းအန္တရာယ် အသိပညာပေး ရုပ်လှုန်ကားချပ်












MINE RISK WORKING GROUP
MRWG
မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းအဖွဲ့

MINISTRY OF SOCIAL WELFARE, RELIEF AND RESETTLEMENT
DEPARTMENT OF REHABILITATION

*This story board is the main component of the common Mine Risk Education (MRE) Tool Kit developed by the Myanmar Mine Risks Working Group under the auspices of the Ministry of Social Welfare, Relief and Resettlement. It is the result of a partnership between the Department of Social Welfare (DSW), UNICEF and DanChurchAid (DCA), and reflects inputs from Union and State-level government counterparts from 10 ministries as well as from 28 national and international organizations. The common MRE Tool Kit is based on key findings from the 2013-2014 South-East Knowledge, Attitude and Practices (KAP) survey and the 2014 Kachin/Northern Shan Rapid Assessment on the impact of landmines and other explosive remnants of war. This material, including illustrations and messages, has been field-testing in 5 States and 2 Regions of Myanmar in 2015 with the support of a number of grass-root and faith based organizations.*

*The development and production of this story board is funded by UNICEF with support from the Government of Netherlands.*

ဤရုပ်လှန်ကားချပ်သည် မိုင်းအန္တရာယ်အသိပညာပေးပစ္စည်းများအနက်မှ အဓိကကျသည့် ပညာပေး ပစ္စည်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမိုင်းအန္တရာယ်အသိပညာပေး လုပ်ငန်းအဖွဲ့မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် ပြုစုဖော်ထုတ် ထားခြင်း ဖြစ်ပါသည်။ ဤ မိုင်းအန္တရာယ်အသိပညာပေးပစ္စည်းများသည် လူမှုဝန်ထမ်းဦးစီးဌာန၊ ယူနီဆက်(ဖ်)နှင့် DanChurchAid (DCA) တို့၏ မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှု ရလာဒ်တစ်ခု ဖြစ်သကဲ့သို့၊ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန (၁၀)ခု၊ တိုင်းဒေသကြီး/ပြည်နယ်တို့မှ ဆက်စပ်သည့် ဦးစီးဌာနများနှင့် အတူ ပြည်တွင်းနှင့် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်း (၂၈)ဖွဲ့ တို့၏ ဝိုင်းဝန်းအကြံပြုမှုများကိုလည်း ရယူခဲ့ပါသည်။ ထို့ပြင် မိုင်းအန္တရာယ်အသိပညာပေးပစ္စည်း များသည် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များအတွင်း မြန်မာနိုင်ငံ အရှေ့တောင်ဘက်ဒေသများတွင် ပြုလုပ်ခဲ့သည့် မြေမြှုပ်မိုင်းများနှင့် စစ်ကျန်လက်နက် ပစ္စည်းများ၏ သက်ရောက်မှုအန္တရာယ်ဆိုင်ရာ ဗဟုသုတ၊ သဘောထားနှင့် အလေ့အထဆိုင်ရာစစ်တမ်းနှင့် ၂၀၁၄ ခုနှစ်အတွင်း ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ဆောင်ရွက်ခဲ့သည့် အရေးပေါ်မိုင်းအန္တရာယ်ဆိုင်ရာစစ်တမ်းတို့မှ ရရှိလာသည့် အဓိကလေ့လာတွေ့ရှိချက်များအပေါ်တွင် အခြေခံ၍ ပြုစုထားခြင်းဖြစ်သည်။ ယခုပြုစုထားသည့် မိုင်းအန္တရာယ်အသိပညာပေးပစ္စည်းများတွင် အသုံးပြုထားသည့် သရုပ်ဖော်ပုံများ နှင့် ပညာပေး သတင်းစကားများကို ပြည်တွင်းအခြေစိုက်လူမှုရေးနှင့် ဘာသာရေးအခြေပြုအဖွဲ့ အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ၂၀၁၅ ခုနှစ်အတွင်း၊ တိုင်းဒေသကြီး (၂) ခုနှင့် ပြည်နယ် (၅)ခု တို့တွင် ကွင်းဆင်းစမ်းသပ်ခဲ့ပါသည်။

ဤပညာပေးရုပ်လှန်ကားချပ်အား ယူနီဆက်(ဖ်)မှ နယ်သာလန်နိုင်ငံအစိုးရ၏ ရံပုံငွေပံ့ပိုးမှုဖြင့် ရေးဆွဲပြုစုထားပါသည်။

## ပညာပေးခေါင်းစဉ် (၁)

## ပေါက်ကွဲလက်နက်ပစ္စည်းများနှင့် ခြိမ်းခြောက်မှုအန္တရာယ်

အောက်ဖော်ပြပါ ပုံများမှာ မြေမြှုပ်မိုင်းအမျိုးအစားများ ဖြစ်သောလူသတ်မြေမြှုပ်မိုင်းများနှင့်ယာဉ်ဖျက်မိုင်းများ၊အသုံးပြုပြီးမပေါက်ကွဲသေးသောစစ်ကျန်လက်နက်ပစ္စည်းများနှင့် လက်လုပ်မိုင်းများကို ဖော်ပြထားခြင်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

ယခုပုံများသည် ရပ်ရွာလူထုကို မြေမြှုပ်မိုင်းများ၊ ပေါက်ကွဲလက်နက်ပစ္စည်းများနှင့် ထိုလက်နက် ပစ္စည်းများ ပေါက်ကွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို သိရှိနားလည် သဘောပေါက်စေရန် ရည်ရွယ်ပါသည်။

မြေမြှုပ်မိုင်းများ အသုံးပြုပြီး မပေါက်ကွဲသေးသော စစ်ကျန်လက်နက်ပစ္စည်းများနှင့် လက်လုပ်မိုင်းများသည် -

- အသက်သေစေနိုင်ခြင်း
- ခြေတစ်ဖက် သို့မဟုတ် ခြေနှစ်ဖက်စလုံးကို ဆိုးရွားစွာ ဆုံးရှုံးသွားစေနိုင်ခြင်း
- ခန္ဓာကိုယ်အနှံ့အပြားတွင် ပြင်းထန်စွာ ဒဏ်ရာရရှိစေနိုင်ခြင်း
- လက်တစ်ဖက် (သို့မဟုတ်) လက်နှစ်ဖက်စလုံးကို ဆိုးရွားစွာ ဆုံးရှုံးသွားစေနိုင်ခြင်း
- ပေါက်ကွဲမှုဖြစ်ပွါးပြီးနောက် ဒဏ်ရာရခဲ့ပါက လူတစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ် လှုပ်ရှားသွားလာနိုင်မှုကို အခက်အခဲ ဖြစ်စေနိုင်ခြင်းနှင့် ထိုသူသည် အသက်မွေးဝမ်းကြောင်းလုပ်ငန်းကို ဆက်မလုပ် နိုင်တော့ခြင်း
- ဆိုးရွားသည့် ပေါက်ကွဲမှုဖြစ်ပွားခြင်း၏ အကျိုးဆက်အဖြစ် စိတ်ပိုင်းဆိုင်ရာ ထိခိုက် ခံစားရစေနိုင်ခြင်း

**သတင်းအချက်အလက်များပိုမိုသိရှိလိုပါက ပိုစတာများကိုလေ့လာရန်ရည်ညွှန်းပါ။**

## အဓိကပညာပေးသတင်းစကားများ



- ယခုပုံသည် လူသတ်မြေမြှုပ်မိုင်းများပုံဖြစ်ပါသည်။ ယခု မိုင်းသည် လူတစ်ဦးတစ်ယောက်မှ နင်းမိပါက ပြင်းထန်စွာပေါက်ကွဲစေနိုင်သော အမျိုးအစားများ ဖြစ်ပါသည်။
- တစ်စုံတစ်ဦးသည် ထိုမြေမြှုပ်မိုင်းများကို အပေါ်မှ တက်နင်းမိ၍ဖြစ်စေ သို့မဟုတ် ပြင်ပမှ ဖိအားတစ်စုံတစ်ရာ သက်ရောက်သည့် အခါမျိုးတွင်ဖြစ်စေ ပေါက်ကွဲစေနိုင်ပါသည်။
- မြေမျက်နှာပြင်အောက်တွင် သေချာစွာ မြှုပ်ပြီး ထောင်ထားသော မြေမြှုပ်မိုင်းများကို မျက်လုံးဖြင့် မမြင်နိုင်ပါ။
- ဤမိုင်းအမျိုးအစားများ ပေါက်ကွဲပါက လူကို အသက်သေစေနိုင်သည်( သို့မဟုတ် ) ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေနိုင်ပါသည်။
- လူသတ် မြေမြှုပ်မိုင်း (နင်းမိုင်း) များကိုသတ္တု( သို့မဟုတ် ) ပလတ်စတစ်ဖြင့်ပြုလုပ်နိုင်ပါသည်။

## ပေါက်ကွဲလက်နက်ပစ္စည်းများနှင့် ခြိမ်းခြောက်မှုအန္တရာယ်



ရုတ်ချည်းပေါက်ကွဲမိုင်းများ (နင်းမိုင်းများ)



## အဓိကပညာပေးသတင်းစကားများ




- ယခုဥပမာသည် တိရစ္ဆာန်များ၊ ကျွဲနွားများနှင့်လူတို့မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရခြင်းကို ဖေါ်ပြထားခြင်းဖြစ်ပါသည်။
- ခြုံနွယ်ထူထပ်သောနေရာများ၊ လမ်းဟောင်းများ၊ လမ်းဆုံလမ်းခွများ၊ လမ်းဘေးနေရာများ၊ တံတာများ၊ရေအရင်းအမြစ်ရနိုင်သော နေရာများတွင် မိုင်းထောင်ထားလေ့ရှိပါသည်။

## ရှတ်ချည်းပေါက်ကွဲမိုင်းများ (နင်းမိုင်းများ)












## အဓိကပညာပေးသတင်းစကားများ

- ယခုပုံများသည်တုတ်ထောက်မိုင်း (တိုက်မိုင်း)၊ရှေ့ထွက်လူသတ်မိုင်းနှင့်ခုန်ပျံပေါက်ကွဲမိုင်းတို့ဖြစ်ပါသည်။ ဤမိုင်းများကိုအစထွက်လူသတ်မြေမြှုပ်မိုင်းများဟုလည်းခေါ်ပါသည်။
- ထိုမိုင်းများကို ပုံမှန်အားဖြင့် မြေပေါ်တွင်သစ်ပင်များ၏နောက်ကွယ်၊သစ်ပင်များ၏ပင်စည်နှင့်သစ်ပင်များတွင်တွဲလွဲချိတ်၍လည်းကောင်း၊မြေကြီးအောက်တွင်လည်းကောင်း၊ မြက်ပင်ရှည်များ(သို့မဟုတ်) ခြုံနွယ်များကြားတွင်လည်းကောင်း ထောင်ထားလေ့ရှိသည်။
- ထိုမိုင်းများနှင့် ချိတ်ဆက်ထားသည့် တိုက်ကြိုးကို တိုက်မိထိမိရုံမျှဖြင့်လည်း ပေါက်ကွဲလေ့ရှိသည်။
- ထို မိုင်းများသည် ပေါက်ကွဲမှုဖြစ်ပွားပါက ကျယ်ပြန့်သော ဧရိယာတစ်ဝိုက် အစအနများစွာလွင့်စင် ထွက်သွားသဖြင့် ခန္ဓာကိုယ် အနှံ့ ပြင်းထန်သော ဒဏ်ရာများကို ဖြစ်ပွား စေနိုင်ပြီး အသက်ဆုံးရှုံးသွားနိုင်သည်။
- ထိုပေါက်ကွဲမှုသည် မီတာ ၁၀၀ ပတ်လည်အထိ ပျံ့နှံ့ ပေါက်ကွဲစေနိုင်ပါသည်။

## အစထွက်လူသတ်မိုင်းများ



တုတ်ထောက်မိုင်း
(တိုက်မိုင်း)




ရှေ့ထွက်လူသတ်မိုင်း



ခုန်ပျံပေါက်ကွဲမိုင်း



## အဓိကပညာပေးသတင်းစကားများ




- ယခုပုံသည် ယာဉ်ဖျက်မိုင်းအမျိုးအစားဖြစ်သောမြေမြှုပ်မိုင်းကို ပုံဖော်ထားခြင်းဖြစ်ပါသည်။
- ထိုယာဉ်ဖျက်မိုင်းများသည် စစ်ဘက်သုံး ယာဉ်များဖြစ်သည့် တင့်ကားများကို ဖျက်ဆီးရန် ရည်ရွယ်ပါသည်။ ထိုယာဉ်ဖျက်မိုင်းများကြောင့် အရပ်ဘက်သုံး သေးငယ်သော ယာဉ်များကို ထိခိုက်မိလျှင် ယာဉ်အတွင်းရှိ လူများကို အသက်သေစေနိုင်ခြင်း (သို့မဟုတ်) ပြင်းထန်သော ထိခိုက်ဒဏ်ရာများ ရစေနိုင်သည်အထိ ပြင်းထန်ဆိုးရွားစေနိုင်ပါသည်။
- ထို ယာဉ်ဖျက် မိုင်းများသည် လူသတ် မြေမြှုပ် မိုင်းများထက် ပိုမို၍ အဖျက်စွမ်းအား ကြီးမား လေ့ရှိသည်။
- ထိုယာဉ်ဖျက်မိုင်းများသည် စက်တပ်ယာဉ်များကို ဖျက်ဆီးပစ်ရန် ရည်ရွယ်သော်လည်း ထိုစက်တပ်ယာဉ်များထက် အလေးချိန်များစွာ လျော့နည်းသော လူများမှ ဘေးကင်းစွာ တက်နင်း/တက်ဖိနိုင်သည်ဟု မှတ်ယူ၍မရပါ။
- ထိုယာဉ်ဖျက်မိုင်းများအား ပေါက်ကွဲစေရန် နည်းမျိုးစုံဖြင့် ပြုလုပ်ထားတတ်သည်။

အများအားဖြင့် အဲ့ဒီ ယာဉ်ဖျက်မိုင်းတွေမှာ ထိမိရင် ပေါက်ကွဲသွားစေနိုင်တဲ့ အပူကူးစနစ်တွေ ပါရှိပါတယ်။ လှုပ်ရှားမှုတစ်ခုကြောင့်မိုင်းထဲမှာရှိနေတဲ့ချိန်ကိုက်ထားတဲ့ စနစ်ကိုသွားထိမိလို့ ဖြစ်စေ၊ပေါက်ကွဲမှုကို ဖြစ်စေမယ့် ခလုတ်ကို လွှတ်လိုက်မိလို့ ဖြစ်စေ ယာဉ်ဖျက်မိုင်းတွေဟာ ပေါက်ကွဲသွားနိုင်ပါတယ်

## ယာဉ်ဖျက်မိုင်းများ




လမ်းများတွင် မြေကြီးအတွင်း မြှုပ်၍ ထောင်လေ့ရှိသည်။
၁


ယာဉ်နှင့်လူ၊ တိရစ္ဆာန်များ နင်းမိ၊ တိုက်မိ ပါက ပြင်းထန်စွာ ပေါက်ကွဲတတ်သည်။
၂

## အဓိကပညာပေးသတင်းစကားများ




- ယခုပုံသည် မပေါက်ကွဲသေးသော စစ်ကျန်လက်နက်ပစ္စည်းများကို ရည်ညွှန်းပါသည်။
- ယခုပုံသည် မော်တာကျည်ပုံဖြစ်ပါသည်။
- မပေါက်ကွဲသေးသော စစ်ကျန်လက်နက်ပစ္စည်းများဆိုသည်မှာ အသုံးပြုလိုက်ပြီး (သို့မဟုတ်) ပစ်ခတ်လိုက်ပြီး မပေါက်ကွဲသေးသော အောက်ပါ လက်နက်ပစ္စည်းများဖြစ်ပါသည်။ လက်ပစ်ဗုံး၊ မော်တာကျည်များ၊ ဒုံးကျည်များ၊ (သို့မဟုတ်) ကျည်ဆံများ စသည်တို့ဖြစ်ပါသည်။
- ထိုပစ္စည်းများသည် ပေါက်ကွဲလုဆဲဆဲ အနေအထားရောက်နေတတ်ပြီး အသာအယာတို့ထိမိခြင်းဖြင့် ပေါက်ကွဲနိုင်ပါသည်။
- ပုံမှန်အားဖြင့် မပေါက်ကွဲသေးသော စစ်ကျန်လက်နက်ပစ္စည်းများသည် မြေမြှုပ်မိုင်းများထက် ပို၍ အဖျက်စွမ်းအား ကြီးမားပါသည်။
- ထိုစစ်ကျန်လက်နက်ပစ္စည်းများကို၊တိုက်ပွဲဖြစ်ထားဖူးသောနေရာများ၊ ဗုံးကျဲခြင်းခံထားရသော နေရာများနှင့် ပစ်မှတ်ဖြစ်နိုင်သည့် လက်နက်ကိုင်တပ်ဖွဲ့ရှိရာနေရာ များတွင် အများအားဖြင့် တွေ့နိုင်ပါသည်။
- မိုင်းအန္တရာယ်ရှိနိုင်သော နေရာများတွင် လူတို့လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်နေသည့် အချိန် (သို့မဟုတ်) အိမ်ယာများတည်ဆောက်နေသည့် အချိန်ကာလများတွင် ဖြစ်ပွါးလေ့ရှိသည်။
- ထိုမပေါက်ကွဲသေးသော စစ်ကျန်လက်နက်ပစ္စည်းများသည် အန္တရာယ်အလွန်ကြီးမားသောကြောင့် ရပ်ရွာလူထုအနေဖြင့် ကိုင်တွယ်ခြင်း (သို့မဟုတ်) နေရာရွှေ့ပြောင်းခြင်းများ မလုပ်မိစေရန် အထူးသတိပြုရပါမည်။ ထိုမပေါက်ကွဲသေးသော စစ်ကျန်လက်နက်ပစ္စည်းများသည် အရောင်အားဖြင့် ကာကီ၊ အစိမ်း၊ အညို၊ မီးခိုးရောင် စသည်ဖြင့် အရောင်အမျိုးမျိုးရှိတတ်ပြီး (သို့မဟုတ်) ဆေးရောင်ပျက်ပြယ်နေသည့် အနေအထားဖြင့်လည်း တွေ့ရှိနိုင်သည်။ အချိန်ကာလ ရှည်ကြာလာသည်နှင့်အမျှ မပေါက်ကွဲသေးသော စစ်ကျန်လက်နက်ပစ္စည်းများသည် သံချေးတက်ခြင်း၊ ဆေးရောင်ပြယ်လွင့်ခြင်း၊ မြေအောက်တွင် တစ်ပိုင်းတစ်စ နစ်မြုပ်နေခြင်း၊ အမှိုက်များ၊ ရွှံ့ညွှံများဖြင့် ဖုံးအုပ်နေခြင်းတို့ကြောင့် မျက်စိဖြင့် မြင်နိုင်ရန် မလွယ်ကူနိုင်ပါ။

## အသုံးပြုပြီးမပေါက်ကွဲသေးသော စစ်ကျန်လက်နက် ပစ္စည်းများ



စိန်ပြောင်းကျည်
( မော်တာကျည် )



အမြောက်ကျည်



လက်ပစ်ဗုံး



ဒုံးကျည်



## အဓိကပညာပေးသတင်းစကားများ




- ယခုပုံသည် လက်လုပ်မိုင်းများကို ရည်ညွှန်းပါသည်။
- လက်လုပ်မိုင်းဆိုသည်မှာ ပေါက်ကွဲစေတတ်သော ပစ္စည်းများ ဖြစ်ပြီးပုံမှန်အားဖြင့် အလွယ်တကူ ရနိုင်သော ပစ္စည်းများဖြင့် ပြုလုပ်ထားခြင်း ဖြစ်ပြီး အသက် သေစေနိုင်ရန်၊ ဒဏ်ရာရ စေရန် (သို့မဟုတ်)ပိုင်ဆိုင်မှုများပျက်စီးစေရန်(သို့မဟုတ်)ပိုမိုဆိုးရွားသောအဖြစ်အပျက်များဖြစ်စေရန် ရည်ရွယ် ပြုလုပ်ထားခြင်း ဖြစ်ပါသည်
- အသုံးပြုပြီး မပေါက်ကွဲသေးသော စစ်ကျန် လက်နက်ပစ္စည်းများ ၏ အစိတ်အပိုင်းများဖြင့်လည်း လက်လုပ်မိုင်းများကိုပြုလုပ်နိုင်ပါသည်။
- လက်လုပ်မိုင်းများကို အဝေးထိန်းခလုတ်ဖြင့် ထိန်းချုပ်၍လည်းကောင်း၊ ဖောက်ခွဲနိုင်ပြီး အချိန် အတိုင်းအတာတစ်ခုကြာမြင့်သည့်အခါတွင်လည်း အလိုအလျောက် ပေါက်ကွဲသွားတတ်သည်။
- လက်လုပ်မိုင်းတို့ကို မည်သည့်နေရာတွင်မဆို တွေ့မြင်နိုင်ပြီး ပုံမှန်တွေ့မြင်နေကျအရာဝတ္ထုများ နှင့် ဆင်တူလေ့ရှိသည်။ (သစ်သားပုံး၊ စီးကရက်ဗူး၊ အိတ်၊ ဝါးပြွန်နှင့် ဗူးခွံ)
- ထိုလက်လုပ်မိုင်းတို့ကို ပလတ်စတစ်ပိုက်များ၊ ပုလင်းခွံများ၊ သစ်သားတို့နှင့်လည်း ပြုလုပ်နိုင်ပါ သည်။
- ထိုလက်လုပ်မိုင်းတို့သည် လူတို့၏ အာရုံကို ဖမ်းစားရန်နှင့် သိချင်စိတ်ကို ပိုမိုနှိုးဆွပေးရန် ရည်ရွယ်ပြုလုပ်ထားခြင်းဖြစ်သည်။


လက်လုပ်မိုင်း နှင့် ထောင်ချောက်မိုင်းများ
PEPSI
ဝုန်
၁
၂

ပညာပေးခေါင်းစဉ် (၂)

## မိုင်းအန္တရာယ်  သတိပေး သဲလွန်စများ နှင့် အမှတ်အသားများ

## ရည်ရွယ်ချက်

- မိုင်းအန္တရာယ်သတိပေးသဲလွန်စများနှင့်အမှတ်အသားများအားသိရှိမှတ်မိစေရန်၊
- မိုင်း / အသုံးပြုပြီး မပေါက်ကွဲသေးသောစစ်ကျန်လက်နက်ပစ္စည်းများ ရှိသည့်နေရာများအား ရှောင်ရှားနိုင်ရန်၊
- အန္တရာယ်ရှိသည့်နေရာများအား သိရှိမှတ်မိစေရန်။

အများအားဖြင့် မိုင်း အန္တရာယ် ရှိသည့်နေရာများသည် မိုင်း မရှိသည့် နေရာများနှင့်ကွာခြားမှု သိပ်မရှိလှသည်ကိုတွေ့ ရသည်။ မိုင်း များအား အလွယ်တကူ မမြင်နိုင်ပေ။ မိုင်း များအားမြေကြီး အောက်တွင်  သော်လည်းကောင်း ၊ မြေပြင်အထက် သစ်ပင်နှင့်  မြက်ပင်ရှည် များ နောက်တွင်သော် လည်းကောင်း ထောင်လေ့ရှိသည်၊သို့သော် မိုင်း များရှိနိုင်သည့်အခြေအနေအားညွှန်းပြနိုင်သည့် သဲလွန်စများ ရှိနေနိုင်သည်။သဲလွန်စများမှာထင်သာမြင်သာ ရှိနေနိုင်ပါသည်။

ဥပမာအားဖြင့် ရာသီဥတု အခြေ အနေအရ  တစ်ပိုင်းတစ်စ ပေါ်နေသော မိုင်းများ ( သို့မဟုတ် ) သေဆုံး နေသော လူ နှင့် တိရစ္ဆာန် ရုပ်ကြွင်းများ ။

အခြားသော သဲလွန်စများမှာအနည်းငယ် ပြောင်းလဲမှုရှိနေသော ခြုံနွယ်များ၏အနေအထားများ၊ အနည်းငယ်မို့မောက်နေသော(သို့မဟုတ်)အနည်းငယ်ချိုင့်ဝင်နေသောမြေပြင်အနေအထားများ။ တစ်စုံတစ်ဦးမှ မိုင်း အန္တရာယ် ရှိနိုင်သည့် သဲလွန်စ တစ်ခုခုအားတွေ့ခဲ့လျှင်သော်လည်းကောင်း၊ တစ်စုံတစ်ဦးမှ ဤနေရာတဝိုက်တွင်မိုင်းရှိနိုင်သည်ဟုယူဆလျှင်သော်လည်းကောင်း ထိုနေရာမှ နောက်ပြန်လှည့်ပြီး ဘေးအန္တရာယ်ကင်းသည့်အခြားသောလမ်းများကို ရှာဖွေပါ။



## အဓိကပညာပေးသတင်းစကားများ



**အောက်ပါတို့သည်လည်း မိုင်းအန္တရာယ်ရှိနိုင်သည့် သဲလွန်စများ ဖြစ်ပါသည်၊**

- ဒဏ်ရာရနေသော (သို့မဟုတ်) သေဆုံးနေသော တိရိစ္ဆာန်များ။
- တစ်ပိုင်းတစ်စ ပေါ်နေသော မိုင်းများ။
- တိုက်ကြိုးများ။
- ဖျူး(စ်) (ခေါ်) စနက်တံများ။
- မိုင်းများအား ထုပ်ပိုးသည့် ဗူးခွံ (သို့မဟုတ်) စက္ကူများ။
- မိုင်းနှင့်ဆက်စပ်သည့် လုံခြုံရေးခလုတ်များအား မြေပြင်ပေါ်တွင် တွေ့ရခြင်း။
- ပုံမှန်အခြေအနေမဟုတ်သော ခြုံနွယ်မြက်ပင်များ၊ ပုံမှန်မဟုတ်သော မြေပြင် အနေအထားများ။ (မြေသား မို့မောက်နေခြင်း၊ ချိုင့်ဝင်နေခြင်း။)
- တိုက်ပွဲဖြစ်ပွားခဲ့သည့် လက္ခဏာများ၊ ဥပမာ – ဗုံးပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသော ကျင်းများ၊ ချိုင့်များ၊ ဗုံးအစအနများ (သို့မဟုတ်) ကျည်ကပ်များ။
- လူအများ အသုံးမပြုသည်မှာ ကြာပြီဖြစ်သည့် လမ်းများ။
- သို့သော် သတိ ပြုရန်မှာ    သင့်အနေဖြင့် မည်သည့် သဲလွန်စကိုမျှ မတွေ့ရ သော်လည်း ထိုနေရာအားမိုင်းအန္တရာယ်ကင်းသည်ဟု မယူဆသင့်ပေ။


အရိပ်ရ သစ်ပင်ကြီးများ၏ ခြေရင်း၊ လူအများ သိပ်အသုံးပြုလေ့မရှိသည့် လမ်းဟောင်းများ၊ ဖြတ်လမ်းများ

# မိုင်းအန္တရာယ် သတိပေး သဲလွန်စများ နှင့် အမှတ်အသားများ

အများအားဖြင့် မိုင်းအန္တရာယ်ရှိသည့်နေရာများသည် မိုင်းမရှိသည့်နေရာများနှင့် ကွာခြားမှု သိပ်မရှိလှသည်ကို တွေ့ရသည်။ မိုင်းများအား အလွယ်တကူမမြင်နိုင်ပေ။

မိုင်းများအား မြေကြီးအောက်တွင် သော်လည်းကောင်း၊ မြေပြင်အထက် သစ်ပင်နှင့် မြက်ပင်ရှည်များ နောက်တွင်သော်လည်းကောင်း ထောင်လေ့ရှိသည်။ သို့သော် မိုင်းများရှိနိုင်သည့် အခြေအနေအား ညွှန်းပြနိုင်သည့် သဲလွန်စများ ရှိနေနိုင်သည်။ သဲလွန်စများမှာ ထင်သာမြင်သာ ရှိနေနိုင်ပါသည်။ ဥပမာအားဖြင့် ရာသီဥတုအခြေအနေ အရ တစ်ပိုင်းတစ်စ ပေါ်နေသော မိုင်းများ (သို့မဟုတ်) သေဆုံးနေသော လူနှင့် တိရိစ္ဆာန် ရုပ်ကြွင်းများ။

အခြားသောသဲလွန်စများမှာ အနည်းငယ်ပြောင်းလဲမှု ရှိနေသော ခြုံနွယ်များ၏ အနေအထားများ၊ အနည်းငယ်မို့မောက်နေသော (သို့မဟုတ်) အနည်းငယ် ချိုင့်ဝင်နေသော မြေပြင်အနေအထားများ။ တစ်စုံတစ်ဦးမှ မိုင်းအန္တရာယ်ရှိနိုင်သည့် သဲလွန်စ တစ်ခုခုအား တွေ့ခဲ့လျှင်သော်လည်းကောင်း၊ တစ်စုံတစ်ဦးမှ ဤနေရာတစ်ဝိုက်တွင် မိုင်းရှိနိုင်သည်ဟု ယူဆလျှင်သော်လည်းကောင်း၊ ထိုနေရာမှ နောက်ပြန်လှည့်ပြီး ဘေးအန္တရာယ်ကင်းသည့် အခြားသော လမ်းများကို ရှာဖွေပါ။

## အဓိကပညာပေးသတင်းစကားများ



**အောက်ပါတို့သည်လည်း မိုင်းအန္တရာယ်ရှိနိုင်သည့် သဲလွန်စများ ဖြစ်ပါသည်။**

- ဒဏ်ရာရနေသော (သို့မဟုတ်) သေဆုံးနေသော တိရိစ္ဆာန်များ။
- တစ်ပိုင်းတစ်စ ပေါ်နေသော မိုင်းများ။
- တိုက်ကြိုးများ။
- ဖျူး(စ်) (ခေါ်) စနက်တံများ။
- မိုင်းများအား ထုပ်ပိုးသည့် ဗူးခွံ (သို့မဟုတ်) စက္ကူများ။
- မိုင်းနှင့်ဆက်စပ်သည့် လုံခြုံရေးခလုတ်များအား မြေပြင်ပေါ်တွင် တွေ့ရခြင်း။
- ပုံမှန်အခြေအနေမဟုတ်သော ခြုံနွယ်မြက်ပင်များ၊ ပုံမှန်မဟုတ်သော မြေပြင် အနေအထားများ။ (မြေသား မို့မောက်နေခြင်း၊ ချိုင့်ဝင်နေခြင်း။)
- တိုက်ပွဲဖြစ်ပွားခဲ့သည့် လက္ခဏာများ၊ ဥပမာ – ဗုံးပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသော ကျင်းများ၊ ချိုင့်များ၊ ဗုံးအစအနများ (သို့မဟုတ်) ကျည်ကပ်များ။
- လူအများ အသုံးမပြုသည်မှာ ကြာပြီဖြစ်သည့် လမ်းများ။
- သို့သော် သတိ ပြုရန်မှာ သင့်အနေဖြင့် မည်သည့် သဲလွန်စကိုမျှ မတွေ့ရသော်လည်း ထိုနေရာအားမိုင်းအန္တရာယ်ကင်းသည်ဟု မယူဆသင့်ပေ။


စားသုံးရသည့် သီးနှံပင်များ

# မိုင်းအန္တရာယ် သတိပေး သဲလွန်စများ နှင့် အမှတ်အသားများ







## အဓိကပညာပေးသတင်းစကားများ

အောက်ပါတို့သည်လည်း မိုင်းအန္တရာယ်ရှိနိုင်သည့် သဲလွန်စများ ဖြစ်ပါသည်၊

- အရိပ်ရနိုင်သည့်နေရာများနှင့် ဂူအဝင်ပေါက်များ။
- မြက်ပင်များနှင့် ခြုံနွယ်များထူထပ်နေသော လမ်းများ။
- သီးပင်စားပင်များ။
- ရေရရှိနိုင်သည့် ရေထွက်များ၊ ရေတွင်းများ၊ မြစ်ချောင်းကမ်းဘေးများ။
- စွန့်ပစ်ခဲ့သည့် ကျေးရွာများ/မြို့များ (သို့မဟုတ်) ကာလကြာရှည်စွာ အသုံးပြုခြင်း မရှိသည့် စိုက်ပျိုးမြေများသည် မိုင်းရှိနိုင်ချေမြင့်မားသည့် နေရာများဖြစ်သည်။


ရေအရင်းအမြစ်ရနိုင်သော နေရာများနှင့် ထိုနေရာအနီးတဝိုက်နေရာများ
ဒီမှာ အန္တရာယ်ရှိတယ် တခြား
နေရာမှာ သွားသောက်
ရအောင်

## အဓိကပညာပေးသတင်းစကားများ







အောက်ပါတို့သည်လည်း မိုင်းအန္တရာယ်ရှိနိုင်သည့် သဲလွန်စများ ဖြစ်ပါသည်။

- အရိပ်ရနိုင်သည့်နေရာများနှင့် ဂူအဝင်ပေါက်များ။
- မြက်ပင်များနှင့် ခြုံနွယ်များထူထပ်နေသော လမ်းများ။
- သီးပင်စားပင်များ။
- ရေရရှိနိုင်သည့် ရေထွက်များ၊ ရေတွင်းများ၊ မြစ်ချောင်းကမ်းဘေးများ။
- စွန့်ပစ်ခဲ့သည့် ကျေးရွာများ/မြို့များ (သို့မဟုတ်) ကာလကြာရှည်စွာ အသုံးပြုခြင်း မရှိသည့် စိုက်ပျိုးမြေများသည် မိုင်းရှိနိုင်ချေမြင့်မားသည့် နေရာများဖြစ်သည်။


စွန့်ပစ်ထားသော လယ်ယာမြေများ

# မိုင်းအန္တရာယ် သတိပေး သဲလွန်စများ နှင့် အမှတ်အသားများ

## အဓိကပညာပေးသတင်းစကားများ

- ဤသရုပ်ဖော်ပုံတွင် မိုင်းများထောင်ထားနိုင်သည့် နေရာများအား ဥပမာအဖြစ် ဖော်ပြထားပါသည်။
- ဘယ်ဘက်မှသရုပ်ဖော်ပုံမှာ မိုင်းများ ထောင်ထားနိုင်သည့် စခန်းတစ်ခုဖြစ်သည်။
- ညာဘက်မှ သရုပ်ဖော်ပုံမှာ မိုင်းများထောင်ထားနိုင်သည့် အရေးပါသော အဆောက်အဦးများ၊ စီမံကိန်းနယ်မြေများဖြစ်သည်။




မိုင်းအန္တရာယ် သတိပေး သဲလွန်စများ နှင့် အမှတ်အသားများ


စခန်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ အခြေစိုက်နေရာများ၊ တားမြစ်ထားသောနယ်မြေများ
တားမြစ်နယ်မြေ
မဝင်ရ




## အဓိကပညာပေးသတင်းစကားများ

မိုင်းများအား အောက်ဖော်ပြပါ စီးပွါးရေးလုပ်ငန်းများနှင့် ဆက်နွယ်မှုရှိသည့် နေရာများ တွင်လည်း ထောင်ထားတတ်သည်။

- လျှပ်စစ်ဓါတ်အားပေး တာဝါတိုင်များ။
- တရားဝင်မဟုတ်သည့် သစ်ထုတ်လုပ်ရေး နေရာများ
- တွင်းထွက်သတ္တုမိုင်းများ။


လျှပ်စစ်တာဝါတိုင်များ၊ ရွှေတွင်း၊ သတ္တုတွင်း၊ သစ်ထုတ်လုပ်ရာနေရာများ

## မိုင်းအန္တရာယ် သတိပေး သဲလွန်စများ နှင့် အမှတ်အသားများ




## နိုင်ငံတကာသုံး မိုင်းအန္တရာယ် သတိပေးအမှတ်အသားနမူနာများ

မြေမြှုပ်မိုင်းနှင့် စစ်ကျန် လက်နက်ပစ္စည်းများ၊ အန္တရာယ်ရှိသည့် နေရာများတွင် အများဆုံး အသုံးပြုလေ့ရှိသည့် သင်္ကေတအမှတ်အသားများမှာ - -

- အနီရောင်အောက်ခံတွင် အဖြူရောင်ဖြင့် လူရိုးခေါင်းနှင့် အရိုးနှစ်ချောင်း ကြက်ခြေခတ် ပုံသဏ္ဍာန် ပြုလုပ်ထားခြင်း၊ အဝါနှင့် အနက်ရောင် သုံးကြသည်ကိုလည်း ရှားရှားပါးပါး တွေ့ရတတ်ပါသည်။ ၎င်းတွင် " **မိုင်းအန္တရာယ်ရှိသည်** " ဆိုသည့် စာတန်းပါရှိပါသည်။
- " **မိုင်း** " (သို့မဟုတ်) " **ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ** " ဆိုသည်ကို အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ ဒေသဆိုင်ရာဘာသာစကားဖြင့်ဖြစ်စေ နှစ်မျိုးလုံးဖြစ်စေ ရေးထိုးထားခြင်း

# မိုင်းရှိသည်



# DANGER!! MINES!!

## မိုင်းအန္တရာယ်  သတိပေး သဲလွန်စများ နှင့် အမှတ်အသားများ

**မိုင်းအန္တရာယ်သတိပေး အမှတ်အသားများနှင့် သက်ဆိုင်သည့် ပုံများကို ပြပြီးလျှင် အောက်ပါအရေးကြီးသည့် ပညာပေး သတင်းအချက်အလက်များကို ဆွေးနွေးပေးရန်ဖြစ်သည်။**

- မိုင်းထောင်သူများသည် များသောအားဖြင့် အန္တရာယ်သတိပေးအမှတ်အသားများ ချန်ထားလေ့မရှိပါ။
- သင်မရောက်ဖူးသည့် နေရာဒေသများသို့သွားလာရပါက၊ ထိုနေရာဒေသတွင် နေထိုင်သော ဒေသခံများအား ၎င်းတို့ အသုံးပြုသည့် အန္တရာယ်သတိပေး အမှတ်အသားများကို မေးမြန်းပါ။
- အထူးသဖြင့် မိမိမရောက်ဖူးသည့် အရပ်ဒေသတွင် မည်သည့်အန္တရာယ် သတိပေး အမှတ်အသားကိုမျှ မတွေ့ရသော်လည်း အ ဆိုပါနေရာသည် မိုင်းအန္တရာယ် ကင်းရှင်းသည်ဟု မဆိုနိုင်ပါ။
- မိုင်းအန္တရာယ်သတိပေးအမှတ်အသား သင်္ကေတမှာ အနီရောင်အခံပေါ်တွင် အရိုးခေါင်းနှင့် အရိုးနှစ်ချောင်း ဖြစ်ပြီး၊ အန္တရာယ်၊ မိုင်းအန္တရာယ် ရှိသည်။ မိုင်း(သို့မဟုတ်)ပေါက်ကွဲတတ်သည် စသည့် သတိပေး စာသားအား အင်္ဂလိပ်ဘာသာ (သို့မဟုတ်) ဒေသသုံးဘာသာ စကား များဖြင့် ဖော်ပြလေ့ရှိသည်။
- မိုင်းထောင်လေ့ရှိသောနေရာများမှာ (စစ်ဆေးရေးဂိတ်များ၊ စွန့်ပစ်ထားသည့်  စစ်စခန်းများ၊ စစ်ဘက်ဆိုင်ရာနေရာများ၊ လေဆိပ်များ၊ တံတားများ၊ လျှပ်စစ်ဓာတ်အားလိုင်းတိုင်များ၊ ရေကာတာများ၊ ဗျူဟာကျသည့် နေရာများ၊ နယ်စပ်စည်းတစ်လျှောက်၊ သဘာဝတွင်းထွက် သတ္တုမိုင်းများ၊ တိုက်ပွဲများကြောင့် စွန့်ပစ်ထားခဲ့သည့် ကျေးရွာများ စသည် . . .

## အဓိကပညာပေးသတင်းစကားများ

- ယခုသရုပ်ဖော်ပုံ များသည်  ဒေသသုံး မိုင်းအန္တရာယ် သတိပေးအမှတ်အသား များစွာအနက်မှ အချို့အား ဥပမာအနေဖြင့် ဖော်ပြထားပါသည်။
- မိမိမရောက်ဖူးသော မိုင်းအန္တရာယ်ရှိသည့် နယ်မြေဒေသအတွင်းသွားလာရင်း လမ်းကိုပိတ်ဆို့ထားသည့် အရံ အတားအား တွေ့ရှိပါက ထိုအရံ အတားအား ဖြတ်ကျော်သွားလာခြင်းမပြုလုပ်ရ။
- ဒေသသုံး မိုင်းအန္တရာယ်သတိပေး အမှတ် အသားများမှာ သစ်ကိုင်းများအား လမ်းတွင် ချထားခြင်း၊ ကျောက်ခဲများအား ပုံထားခြင်း၊ ကျောက်တုံးများအား ဆေးရောင်ခြယ်ထားခြင်း (အနီရောင်၊ လိမ္မော်ရောင်၊ အဖြူရောင် စသည်) တုတ်ချောင်းထိပ်တွင် အဝတ်စချည်ထားခြင်း၊ တုတ်ချောင်းထိပ်တွင် သံပူးခွံစွပ်ထားခြင်း စသည် . . .။








အန္တရာယ်အသိပေးအမှတ်အသားများ

# မိုင်းအန္တရာယ် သတိပေး သဲလွန်စများ နှင့် အမှတ်အသားများ

**မိုင်းအန္တရာယ်သတိပေး အမှတ်အသားများနှင့် သက်ဆိုင်သည့် ပုံများကို ပြပြီးလျှင် အောက်ပါအရေးကြီးသည့် ပညာပေး သတင်းအချက်အလက်များကို ဆွေးနွေးပေးရန် ဖြစ်သည်။**

- မိုင်းထောင်သူများသည် များသောအားဖြင့် အန္တရာယ်သတိပေးအမှတ်အသား များ ချန်ထားလေ့မရှိပါ။
- သင်မရောက်ဖူးသည့် နေရာဒေသများသို့ သွားလာရပါက၊ ထိုနေရာဒေသတွင် နေထိုင်သော ဒေသခံများအား ၎င်းတို့ အသုံးပြုသည့် အန္တရာယ်သတိပေး အမှတ်အသားများကို မေးမြန်းပါ။
- အထူးသဖြင့် မိမိမရောက်ဖူးသည့် အရပ်ဒေသတွင် မည်သည့်အန္တရာယ် သတိပေး အမှတ်အသားကိုမျှ မတွေ့ရသော်လည်း အ ဆိုပါနေရာသည် မိုင်းအန္တရာယ် ကင်းရှင်းသည်ဟု မဆိုနိုင်ပါ။
- မိုင်းအန္တရာယ်သတိပေးအမှတ်အသား သင်္ကေတမှာ အနီရောင်အခံပေါ်တွင် အရိုးခေါင်းနှင့် အရိုးနစ်ချောင်းဖြစ်ပြီး၊ အန္တရာယ်၊ မိုင်းအန္တရာယ် ရှိသည်။ မိုင်း(သို့မဟုတ်)ပေါက်ကွဲတတ်သည် စသည့် သတိပေး စာသားအား အင်္ဂလိပ်ဘာသာ (သို့မဟုတ်) ဒေသသုံးဘာသာ စကား များဖြင့် ဖော်ပြလေ့ရှိသည်။
- မိုင်းထောင်လေ့ရှိသောနေရာများမှာ (စစ်ဆေးရေးဂိတ်များ၊ စွန့်ပစ်ထားသည့် စစ်စခန်းများ၊ စစ်ဘက်ဆိုင်ရာနေရာများ၊ လေဆိပ်များ၊ တံတားများ၊ လျှပ်စစ်ဓာတ်အားလိုင်းတိုင်များ၊ ရေကာတာများ၊ ပျူဟာကျသည့် နေရာများ၊ နယ်စပ်စည်း တစ်လျှောက်၊ သဘာဝတွင်းထွက် သတ္တုမိုင်းများ၊ တိုက်ပွဲများ ကြောင့် စွန့်ပစ်ထားခဲ့သည့် ကျေးရွာများ စသည် . . .



# အဓိကပညာပေးသတင်းစကားများ

- ယခုသရုပ်ဖော်ပုံ များသည် ဒေသသုံး မိုင်းအန္တရာယ် သတိပေးအမှတ်အသား များစွာအနက်မှ အချို့အား ဥပမာအနေဖြင့် ဖော်ပြထားပါသည်။
- မိမိမရောက်ဖူးသော မိုင်းအန္တရာယ်ရှိသည့် နယ်မြေဒေသအတွင်းသွားလာရင်း လမ်းကိုပိတ်ဆို့ထားသည့် အရုံ အတားအား တွေ့ရှိပါက ထိုအရုံ အတားအား ဖြတ်ကျော်သွားလာခြင်းမပြုလုပ်ရ။
- ဒေသသုံး မိုင်းအန္တရာယ်သတိပေး အမှတ် အသားများမှာ သစ်ကိုင်းများအား လမ်းတွင် ချထားခြင်း၊ ကျောက်ခဲများအား ပုံထားခြင်း၊ ကျောက်တုံးများအား ဆေးရောင်ခြယ်ထားခြင်း (အနီရောင်၊ လိမ္မော်ရောင်၊ အဖြူရောင် စသည်) တုတ်ချောင်းထိပ်တွင် အဝတ်စချည်ထားခြင်း၊ တုတ်ချောင်းထိပ်တွင် သံပုံးခွံ စွပ်ထားခြင်း စသည် . . .။






အန္တရာယ်အသိပေးအမှတ်အသားများ

# မိုင်းအန္တရာယ်  သတိပေး သဲလွန်စများ နှင့် အမှတ်အသားများ

**မိုင်းအန္တရာယ်သတိပေး အမှတ်အသားများနှင့် သက်ဆိုင်သည့် ပုံများကို ပြပြီးလျှင် အောက်ပါအရေးကြီးသည့် ပညာပေး သတင်းအချက်အလက်များကို ဆွေးနွေးပေးရန် ဖြစ်သည်။**

- မိုင်းထောင်သူများသည် များသောအားဖြင့် အန္တရာယ်သတိပေးအမှတ်အသား များ ချန်ထားလေ့မရှိပါ။
- သင်မရောက်ဖူးသည့် နေရာဒေသများသို့သွားလာရပါက၊ ထိုနေရာဒေသတွင် နေထိုင်သော ဒေသခံများအား ၎င်းတို့ အသုံးပြုသည့် အန္တရာယ်သတိပေး အမှတ်အသားများကို မေးမြန်းပါ။
- အထူးသဖြင့် မိမိမရောက်ဖူးသည့် အရပ်ဒေသတွင် မည်သည့်အန္တရာယ် သတိပေး အမှတ်အသားကိုမျှ မတွေ့ရသော်လည်း အ ဆိုပါနေရာသည် မိုင်းအန္တရာယ် ကင်းရှင်းသည်ဟု မဆိုနိုင်ပါ။
- မိုင်းအန္တရာယ်သတိပေးအမှတ်အသား သင်္ကေတမှာ အနီရောင်အခံပေါ်တွင် အရိုးခေါင်းနှင့် အရိုးနှစ်ချောင်း ဖြစ်ပြီး၊ အန္တရာယ်၊ မိုင်းအန္တရာယ် ရှိသည်။ မိုင်း(သို့မဟုတ်)ပေါက်ကွဲတတ်သည် စသည့် သတိပေး စာသားအား အင်္ဂလိပ်ဘာသာ (သို့မဟုတ်) ဒေသသုံးဘာသာ စကား များဖြင့် ဖော်ပြလေ့ရှိသည်။
- မိုင်းထောင်လေ့ရှိသောနေရာများမှာ (စစ်ဆေးရေးဂိတ်များ၊ စွန့်ပစ်ထားသည့်  စစ်စခန်းများ၊ စစ်ဘက်ဆိုင်ရာနေရာများ၊ လေဆိပ်များ၊ တံတားများ၊ လျှပ်စစ်ဓာတ်အားလိုင်းတိုင်များ၊ ရေကာတာများ၊ ဗျူဟာကျသည့် နေရာများ၊ နယ်စပ်စည်း တစ်လျှောက်၊ သဘာဝတွင်းထွက် သတ္တုမိုင်းများ၊ တိုက်ပွဲများ ကြောင့် စွန့်ပစ်ထားခဲ့သည့် ကျေးရွာများ စသည် . . .



# အဓိကပညာပေးသတင်းစကားများ

- ယခုသရုပ်ဖော်ပုံ များသည်  ဒေသသုံး မိုင်းအန္တရာယ် သတိပေးအမှတ်အသား များစွာအနက်မှ အချို့အား ဥပမာအနေဖြင့် ဖော်ပြထားပါသည်။
- မိမိမရောက်ဖူးသော မိုင်းအန္တရာယ်ရှိသည့် နယ်မြေဒေသအတွင်းသွားလာရင်း လမ်းကိုပိတ်ဆို့ထားသည့် အရံ အတားအား တွေ့ရှိပါက ထိုအရံ အတားအား ဖြတ်ကျော်သွားလာခြင်းမပြုလုပ်ရ။
- ဒေသသုံး မိုင်းအန္တရာယ်သတိပေး အမှတ် အသားများမှာ သစ်ကိုင်းများအား လမ်းတွင် ချထားခြင်း၊ ကျောက်ခဲများအား ပုံထားခြင်း၊ ကျောက်တုံးများအား ဆေးရောင်ခြယ်ထားခြင်း (အနီရောင်၊ လိမ္မော်ရောင်၊ အဖြူရောင် စသည်) တုတ်ချောင်းထိပ်တွင် အဝတ်စချည်ထားခြင်း၊ တုတ်ချောင်းထိပ်တွင် သံပူးခွံ စွပ်ထားခြင်း စသည် . . .။






လူသွားလမ်းဘေးရှိ သစ်ပင်ပေါ်မှအမှတ်အသား (ကယားပြည်နယ်တွင်
ထိုအမှတ်အသားမျိုးသည် ပိုင်ဆိုင်မှုကို ပြသော အမှတ်အသားများလည်းဖြစ်သည်။)

## မိုင်း၏ ဆိုးကျိုး သက်ရောက်မှု

မိုင်းကြောင့် ဆိုးရွားပြင်းထန်သော ထိခိုက်ဒဏ်ရာ ရမှုများ၊ စိတ်ပိုင်းဆိုင်ရာ ကစဉ့်ကလျား/မတည်မငြိမ်ဖြစ်မှုများ ဖြစ်ပွါးစေနိုင်ပြီး ထိုအကျိုးဆက်များသည် ကျွန်ုပ်တို့၏ လူမှုစီးပွါးအခြေအနေအပေါ်တွင် ဆိုးရွားသောအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေသည်။

## လူ့စွမ်းအား ဆိုင်ရာ အကျိုးသက်ရောက်မှု

- အသက်ဆုံးရှုံးနိုင်သည်။
- ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာရရှိစေမှုသည် လူတစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ်လှုပ်ရှား သွားလာနိုင်စွမ်းကို အခက်အခဲ ဖြစ်စေနိုင်သည်။ အကျိုးဆက်အားဖြင့် ထိုသူတို့ကို လူမှုပတ်ဝန်းကျင်အတွင်း ပုံမှန်အတိုင်းပါဝင်လှုပ်ရှား ဆောင်ရွက်နေမှုကို လည်း အတားအဆီးဖြစ်စေသည်။
- မိုင်းအန္တရာယ်မှ အသက်ရှင်ကျန်ရစ်သူများသည် ထိုထိတ်လန့်ဖွယ်ကောင်းသော အဖြစ်အပျက်၏နောက်တွင်စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုများကိုပါရင်ဆိုင်ရနိုင်သည်။
- မိုင်းကြောင့် မသန်စွမ်းဖြစ်သွားသော လူတစ်ယောက်သည် အိမ်ထောင်ပြုရန်၊ သား၊ သမီး ယူရန်နှင့် အလုပ်အကိုင်ရရှိရန် အခွင့်အလမ်း နည်းပါးသွားတတ်သည်။
- ထိုကဲ့သို့ဆိုးရွားသည့် လူမှုရေးဆိုင်ရာရလဒ်တို့ကြောင့် မသန်စွမ်းသူတို့သည် လူမှုအသိုင်းအဝိုင်းမှ ဝေးကွာသွားတတ်သည်။
- ဒေသခံ လူမှုအသိုင်းအဝိုင်းတို့သည် မိုင်းအန္တရာယ်ရှိနိုင်သော လယ်ကွင်းပြင်များနှင့် လမ်းများကို အသုံးပြုရန် (သို့မဟုတ်) ထိုလမ်းများကို အသုံးပြု၍ ကလေးများကိုကျောင်းသို့ ပို့ရန် စိုးရိမ်ထိတ်လန့်သွားတတ်သည်။
- ရပ်ရွာလူမှုအသိုင်းအဝိုင်းတို့သည် တစ်ခါတစ်ရံတွင် ဆင်းရဲခြင်း၊ အစာရေစာပြတ်လတ်သွားခြင်းနှင့် ရေအရင်းအမြစ်များ ခမ်းခြောက် သွားခြင်းတို့ကြောင့် ရွေးချယ်စရာနည်းပါးပြီး ထိုအန္တရာယ်များပြီး မိုင်းရှိသည်ဟုယူဆရသော နေရာတို့တွင် အသက်ကိုစွန့်ပြီး လုပ်ကိုင်စားသောက်ရလေ့ရှိသည်။
- ဖွံ့ဖြိုးမှုနောက်ကျနေပြီးသော နိုင်ငံတို့တွင် မသန်စွမ်းသူအရေအတွက် တိုးပွါးလာသည်။ ထိုသူတို့သည် ဒုက္ခသည်များနှင့် ပြည်တွင်း ရွှေ့ပြောင်းခံရသူများအဖြစ် ယခင်နေရာတွင် ပြန်လည်အခြေချနေထိုင်ရန် ခက်ခဲလေ့ရှိသည်။

## ရုပ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှု

- သေဆုံးခြင်း။
- ထိခိုက်ဒဏ်ရာရခြင်း။
- မသန်မစွမ်းဖြစ်ခြင်း။

## လူ့စွမ်းအားဆိုင်ရာ အကျိုးသက်ရောက်မှု

- ရုပ်ပိုင်းဆိုင်ရာ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်မှုဆုံးရှုံးခြင်း
- အသက်မွေးဝမ်းကြောင်းဆိုင်ရာ လုပ်ငန်းလုပ်ကိုင်နိုင်မှု ဆုံးရှုံးခြင်း
- မိသားစု ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် ကင်းကွာသွားခြင်း




မိုင်း၏ ဆိုးကျိုး သက်ရောက်မှု


မိုင်းကြောင့် မသန်စွမ်းဖြစ်ကြရသည့် မိသားစု

## မိုင်း၏ ဆိုးကျိုး သက်ရောက်မှု

ဖော်ပြပါသရုပ်ဖော်ပုံသည် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးရာအပေါ်တွင် အကျိုးသက်ရောက်မှုကို ရည်ညွှန်းပါသည်။




# အဓိကပညာပေးသတင်းစကားများ

## စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှု

- ကြောက်လန့်ခြင်း၊ စိတ်ဖိစီးခြင်း၊ လုံခြုံမှုမရှိသကဲ့သို့ခံစားရခြင်း။
- အပြစ်မကင်း တာဝန်မကျေသကဲ့သို့ခံစားရခြင်း။
- စိတ်ဓါတ်ကျခြင်းနှင့် အခြားသော ရေရှည်ထိခိုက်မှုများကို ရင်ဆိုင်ရခြင်း။

## လူမှုရေးနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ အကျိုးသက်ရောက်မှု

- ဆင်းရဲနွမ်းပါးမှု ပမာဏ တိုးပွါးလာခြင်း။
- အတင်းအကျပ်နေရာ ရွှေ့ပြောင်းခံရခြင်း။
- အခြေခံကျန်းမာရေး စောင့်ရှောက်မှု ရရှိရေး အခွင့်အလမ်းနည်းပါးခြင်း။
- မိသားစုအတွင်း တာဝန်ယူရမှုအခြေအနေ ပြောင်းလဲခြင်း၊ အခြားသူများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်း။
- ရပ်ရွာအတွင်း စည်းလုံးညီညွတ်ခြင်းနှင့် လူမှုရေးစွမ်းအားများ ကျဆင်းစေခြင်း။
- ဘိုးဘွားပိုင်မြေများဆုံးရှုံးခြင်း၊ အိမ်ထောင်ဦးစီးအမျိုးသား၏ မျိုးပွါးနိုင်မှုကို ထိခိုက်စေနိုင်ပြီး အမျိုးသမီးများ အိမ်ထောင်ပြုနိုင်သည့် အခွင့်အလမ်းဆုံးရှုံးခြင်းနှင့် အိမ်ထောင်သည် အမျိုးသမီးများ ခင်ပွန်းသည်၏ စွန့်ပစ်မှုကို ခံစားရခြင်း။


မိုင်းထိခိုက်ခံရသည့် မိသားစု၏ လူမှုစီးပွါးအပေါ်သက်ရောက်မှု

## မိုင်း၏ ဆိုးကျိုး သက်ရောက်မှု

ဖေါ်ပြပါသရုပ်ဖေါ်ပုံသည် စီးပွါးရေးနှင့် လူမှုအသိုင်းအဝိုင်း ဝန်းကျင်အပေါ်တွင် အကျိုးသက်ရောက် မှုကို ရည်ညွှန်းပါသည်။




## လူမှုအသိုင်းအဝန်းဆိုင်ရာ အကျိုးသက်ရောက်မှု

- ကူညီထောက်ပံ့မှုများရရှိရန် နှောင့်နှေးခြင်း
- စိုက်ပျိုးမြေများဆုံးရှုံးခြင်း
- မွေးမြူထားသော ကျွဲနွား တိရစ္ဆာန်များ ဆုံးရှုံးခြင်း
- သစ်တောများကို မှီခိုလုပ်ကိုင်စားသောက်ရသည့်အခွင့်အလမ်းများ ဆုံးရှုံးခြင်းကြောင့် စားဝတ်နေရေး ခက်ခဲခြင်း
- အသက်ရှင်သန်မှုအတွက် လိုအပ်သည့် ရေအရင်းအမြစ်များ ရေတွင်းများ ဆုံးရှုံးရခြင်း
- မိုင်းအန္တရာယ်မရှိသော နေရာများကိုပါ အလွန်အကျူး အသုံးပြုလာခြင်း (ပိုးမွှားများ၊ ရောဂါဘယများ ပိုမိုထူပြောလာခြင်းနှင့် ဂေဟဗေဒစနစ်ကို ထိခိုက်လာခြင်း)
- ပြည်တွင်းပြောင်းရွှေ့ခံရသူများနှင့် စစ်ဘေးကြောင့်ပြောင်းရွှေ့ခိုလှုံနေရသူများ မိမိနေရင်းဒေသသို့ပြန်လည်အခြေချနေထိုင်ရန် ဘေးအန္တရာယ်ရှိခြင်း
- ဆည်မြောင်း၊ တာတမံနှင့် ရေအရင်းအမြစ်များ သုံးစွဲမှုအတားအဆီးဖြစ်ခြင်း
- ကိုယ်ရည်ကိုယ်သွေးများ ကျဆင်းလာခြင်း


တိရစ္ဆာန်များလည်း ထိခိုက်ဒဏ်ရာရသည်။

## မိုင်း၏ ဆိုးကျိုး သက်ရောက်မှု

ဖော်ပြပါ သရုပ်ဖော်ပုံသည် စီးပွါးရေးနှင့် လူမှုအသိုင်းအဝိုင်း ဝန်းကျင်အပေါ်တွင် အကျိုးသက်ရောက်မှုကို ရည်ညွှန်းပါသည်။



## စီးပွါးရေးဆိုင်ရာ အကျိုးသက်ရောက်မှု

- ရင်းနှီးမြှုပ်နှံသူများကို စိုးရိမ်ထိတ်လန့်မှုဖြစ်စေခြင်း
- ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အနှောင့်အယှက်ဖြစ်စေခြင်း
- လမ်းပန်းဆက်သွယ်ရေး ပိတ်ဆို့မှုဖြစ်စေခြင်း
- လုပ်အားခများ မြင့်တက်ခြင်း
- ကျန်းမာရေး ကုန်ကျစရိတ်များ မြင့်တက်လာခြင်း
- လမ်း၊ တံတားနှင့် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းများနှောင့်နှေးခြင်း
- ကူညီထောက်ပံ့မှုများပြုလုပ်ရာတွင် ခက်ခဲခြင်းနှင့် ကုန်ကျစရိတ်မြင့်မားခြင်း (ဥပမာ – ကုန်းလမ်းထက် လေကြောင်းလမ်းကို အသုံးပြုရခြင်း)


မိမိ၏တိရစ္ဆာန် ထိခိုက် ဆုံးရှုံးမှု ရလာဒ် အနေဖြင့် သင်၏မိသားစု ဝင်ငွေကို ထိခိုက်စေသည်သာမက အသက်မွေးဝမ်းကျောင်းကိုလည်း ထိခိုက်စေပါသည်

# မိုင်းပေါက်ကွဲခြင်းကြောင့် ကလေးသူငယ်များအပေါ် ဆိုးကျိုးသက်ရောက်မှုများ




မိုင်းအန္တရာယ်ရှိသောဒေသများတွင်နေထိုင်ကြသောကလေးသူငယ်များသည်သတိမမူမိ၍ ဖြစ်စေ အလေးအနက် မထားသော သဘော ထားများကြောင့် ဖြစ်စေ စူးစမ်းလိုသော စိတ်ကြောင့်ဖြစ်စေ အသက်မွေး ဝမ်းကြောင်း ဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှုများတွင် ပါဝင်ရခြင်းကြောင့် ဖြစ်စေ သူငယ်ချင်းများနှင့် ဆော့ကစားခြင်း ကြောင့်ဖြစ်စေ မိုင်း အန္တရာယ်နှင့်ပတ်သက်သောဗဟုသုတများ မရှိ၍ ဖြစ်စေ မိုင်းအန္တရာယ် နှင့် ရင်ဆိုင်ရနိုင်ပါသည်။

အကယ်၍ ကလေးများသည် မိုင်း ပေါက်ကွဲမှုကြောင့် အသက် ဆုံးရှုံးမှု မဖြစ်ခဲ့သော်လည်း ဆိုးရွားပြင်းထန်သည့် ဒဏ်ရာများသည် ၎င်းတို့အား ရုပ်ပိုင်း နှင့် စိတ်ပိုင်းဆိုင်ရာရေရှည်ဆိုးကျိုး သက်ရောက်မှုများကိုခံစားရစေနိုင်ပါသည်။

ရရှိခဲ့သော ဒဏ်ရာများကြောင့် မသန်စွမ်း ဖြစ်သွားပါကသူတို့အတွက် ဆော့ကစားရန် ပညာဆက်လက်သင်ကြားရန်၊ အသိပညာ စွမ်းဆောင်ရည်များ ရရှိရန် အလုပ်ရရှိရန်နှင့်အိမ်ထောင်ဖက် ရှာရန်စသည့် ကိစ္စရပ်များတွင် ဆိုးကျိုး သက်ရောက်မှုများဖြစ်စေနိုင်ပါသည်။

မိုင်း ပေါက်ကွဲမှု နှင့် ကြုံတွေ့ ရပြီးနောက် ကလေးများ သည်သူတို့ ၏ အနာဂတ်အတွက် မျှော်လင့်ချက်များကို စွန့်ပစ်လိုက်ကြ ပြီး သူငယ်ချင်းများ နှင့် ဆော့ကစားခြင်းများကျောင်းတက်ခြင်းများကိုပါ ရပ်တန့်ပစ်လိုက်လေ့ရှိကြသည်။

ကလေးများသည် နေ့စဉ်ပုံမှန်လုပ်နေကျ လုပ်ငန်းဆောင်တာများ ဖြစ်သော ကျောင်းသို့ လမ်းလျှောက်သွားခြင်း သူငယ်ချင်းများထံသွားရောက်လည်ပတ်ခြင်း ဈေးသို့သွားခြင်း၊ တိရစ္ဆာန်များကိုထိန်းကျောင်းခြင်း၊ မြစ်ထဲရေ ကူးခြင်း၊ လယ်ကွင်း၊ သစ်တောထဲတွင်ဆော့ကစားခြင်း တို့တွင်မိုင်းအန္တရာယ်နှင့်ရင်ဆိုင်ရလာနိုင်သောကြောင့်ကြောက်ရွံ့ ထိတ်လန့်ခြင်းနှင့် စိတ်မလုံခြုံခြင်းများခံစားလာရနိုင်သည်။ဒဏ်ရာများ နှင့် ကလေးများကိုလူအများကအခြားသောကလေးများ လောက် အသုံးမဝင်တော့ဟုတွေးမြင် နိုင်သည်။မိဘများကလည်း ထိုကလေးများကို ကျောင်းသို့ ပို့ခြင်းများကို ရပ်ပစ်လိုက်နိုင်သည်။ ရပ်ရွာအသိုင်းအဝိုင်း နှင့် ၎င်းတို့၏ သူငယ်ချင်းများမှ ပစ်ပယ်ထားခြင်းကြောင့်လည်း မသန်စွမ်း ကလေးငယ်များသည် စိတ်ဒဏ်ရာရလေ့ရှိသည်။


မိုင်းပေါက်ကွဲခြင်းကြောင့် ကလေးသူငယ်များအပေါ် ဆိုးကျိုးသက်ရောက်မှုများ

ပညာပေးခေါင်းစဉ် (၄)

## အဓိကပညာပေးသတင်းစကားများ

## အန္တရာယ်မကင်းသည့် အပြုအမူများ

ဖော်ပြပါ သရုပ်ဖော်ပုံ တို့သည် မိုင်းအန္တရာယ်ရှိနိုင်သည့် အခြေအနေများကို ရည်ညွှန်းပါသည်။

- မိုင်း/မပေါက်ကွဲသေးသည့်စစ်ကျန်ခဲယမ်းပစ္စည်းများ ရှိနေနိုင်သည့်နေရာများ တွင် ထွန်ယက်စိုက်ပျိုးခြင်း
- မိုင်း/မပေါက်ကွဲသေးသည့် စစ်ကျန်ခဲယမ်းပစ္စည်းများ (သို့မဟုတ်) ပုံမှန်မဟုတ် သည့် အရာဝတ္ထုပစ္စည်းများအား ကိုင်တွယ်ခြင်း

**ပညာပေးသတင်းစကား၏ ရည်ရွယ်ချက်များမှာ -**

- ရပ်ရွာလူထုမှ အချို့သော နေရာများသည် မိုင်း/မပေါက်ကွဲသေးသည့် စစ်ကျန် ခဲယမ်းပစ္စည်းများ၏ အန္တရာယ်ရှိနေနိုင်သည်ကို နားလည်သဘောပေါက်ရန်။
- စွန့်ပစ်ထားခဲ့သည့် ကျေးရွာများနှင့် ထွန်ယက်စိုက်ပျိုးမှုပြုလုပ်ခြင်း မရှိသည့် စိုက်ပျိုးမြေများသည်လည်းအန္တရာယ်ရှိနေနိုင်သည်ကို နားလည်သဘောပေါက် ရန်။
- ဘေးအန္တရာယ်ကင်းရှင်းသည့် နေရာများအား သေချာစွာမေးမြန်းရန်။

- သရုပ်ဖော်ပုံတွင် အန္တရာယ်ရှိသည်ဟု ဒေသခံများက သိရှိထားသော လယ်မြေတွင် ထွန်ယက်နေသော လယ်သမားတစ်ဦး။
- အန္တရာယ်ရှိသည့် အခြေအနေအားအသိပေး ထားမှုမရှိခြင်း (သို့မဟုတ်) အန္တရာယ် သတိပေး သင်္ကေတများမရှိပါက ထိုလယ်သမားနှင့် ၎င်း၏ မိသားစုတို့ အန္တရာယ် နှင့် ကြုံတွေ့နိုင်ပါသည်။
- လယ်မြေအသစ်တွင် ရွှေ့ပြောင်း ထွန်ယက် စိုက်ပျိုးမည်ဆိုပါက မည်သည့် နေရာ သည် အန္တရာယ်ကင်း၍မည်သည့်နေရာသည်အန္တရာယ်ရှိနိုင်သည်ကို သေချာစွာ မေးမြန်း စုံစမ်းရန် အရေးကြီးသည်။




ပေါက်ကွဲစေနိုင်သော စစ်ကျန်ပစ္စည်းများ ထယ်ထိုးမိခြင်း (သတိပေး)
၁


၂

## အန္တရာယ်မကင်းသည့် အပြုအမူများ




- ပုံမှန်မဟုတ်သည့် အရာဝတ္ထုပစ္စည်းများအား ကိုင်တွယ်ခြင်း၊ ကောက်ယူခြင်း (သို့မဟုတ်) ခြေထောက်ဖြင့်ကန်ခြင်းများ လုံးဝမပြုလုပ်ရ။ အဘယ့်ကြောင့် ဆိုသော် ထိုအရာဝတ္ထုပစ္စည်းများသည် မိုင်းများ၊ မပေါက်ကွဲသေးသည့်စစ်ကျန် လက်နက်ပစ္စည်းများ (သို့မဟုတ်) လက်လုပ်မိုင်းများ ဖြစ်နိုင်သောကြောင့်ဖြစ်သည်။
- ပုံမှန်မဟုတ်သည့် အရာဝတ္ထုပစ္စည်းများအား တွေ့ရှိပါက အဝေးမှာသာနေပါ။ ကိုင်တွယ်ခြင်းလုံးဝမပြုလုပ်ပါနှင့်။


သီးနှံများတူးဆွခြင်း
၁
သတိပေး
၂
တူးဆွမိခြင်းကြောင့် ပေါက်ကွဲမည်။
၃

## အန္တရာယ်မကင်းသည့် အပြုအမူများ




- ပုံမှန်မဟုတ်သည့် အရာဝတ္ထုပစ္စည်းများအား မထိရ၊ မကိုင်ရပါ။
- မရှိသင့်သည့်နေရာတွင် ရောက်ရှိနေသော အရာဝတ္ထုပစ္စည်းများအား တွေ့ရှိပါက မကိုင်ရ၊ မထိရပါ။ အဘယ့်ကြောင့်ဆိုသော် ထိုအရာဝတ္ထုပစ္စည်းများသည် ထောင်ချောက်မိုင်းများ ဖြစ်နိုင်သောကြောင့်ဖြစ်သည်။


သံသယဖြစ်ဖွယ်ပစ္စည်းများကို ထိမိ၊ ကိုင်မိပါက
၁
ပြင်းထန်စွာပေါက်ကွဲ၍
၂
သေဆုံးနိုင်သည်။
၃

## အန္တရာယ်မကင်းသည့် အပြုအမူများ




- ဤသရုပ်ဖော်ပုံတွင် ပစ်ခတ်လိုက်ပြီး မပေါက်ကွဲဘဲ သစ်ပင်ပေါ်တွင်တင်ကျန်နေသည့် ဗုံးကျည်ဖြစ်သည်။
- ဤကဲ့သို့သော မပေါက်ကွဲ သေးသည့် စစ်ကျန်လက်နက်များသည်အလွန်အန္တရာယ်များသည်။
- မပေါက်ကွဲသေးသည့်စစ်ကျန်လက်နက်များသည်နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် ပေါက်ကွဲနိုင်သည့် အန္တရာယ်ရှိနေဆဲဖြစ်သည်။
- မထိရ၊ မကိုင်ရ၊ လက်၊ တုတ်ချောင်းတို့ဖြင့် ဖယ်ရှင်းခြင်း မပြုလုပ်ရ။
- ပုံမှန်မဟုတ်သည့် အရာဝတ္ထုပစ္စည်းများအား သစ်ပင်အထက်နှင့် မြေပြင်ပေါ်တွင် တွေ့ရှိပါက အဝေးမှသာနေပါ။ ပြီးလျှင် တာဝန်ရှိသူများ၊ ဘာသာရေးခေါင်းဆောင်များ၊ ရပ်ရွာလူကြီးများနှင့် လူမှုရေးအဖွဲ့အစည်းများ အား အသိပေး အကြောင်းကြားပါ။
- တိုက်ပွဲဖြစ်ပွါးခဲ့ဖူးသည့် နေရာများသည် များသောအားဖြင့် မပေါက်ကွဲသေးသည့် စစ်ကျန်လက်နက်ပစ္စည်းများကျန်ရှိနေနိုင်သဖြင့် ထိုနေရာများအားရှောင်ကျဉ်ပါ။


သံသယဖြစ်ဖွယ် ပစ္စည်းများကိုထိမိ၊ တို့မိပါက
၁
အန္တရာယ်ဖြစ်တတ်ကြောင်း
၂

## အဓိကပညာပေးသတင်းစကားများ

## အန္တရာယ်မကင်းသည့် အပြုအမူများ




- စိုက်ပျိုးမြေ အသစ်သို့ ရွှေ့ပြောင်း စိုက်ပျိုးမည့် သူများ အနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းစေရန် ဒေသခံရွာသူ၊ ရွာသားများနှင့်အာဏာပိုင်များမှ အန္တရာယ်ကင်းသည်ဟု အာမမခံနိုင်ပါက အဆိုပါမြေများတွင် စိုက်ပျိုးထွန်ယက်ခြင်း အား ရှောင်ကျဉ်ရမည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေရာများတွင် မိုင်းများ၊မပေါက်ကွဲသေးသည့်စစ်ကျန်လက်နက် ပစ္စည်းများ ရှိနေနိုင်သောကြောင့်ဖြစ်သည်။


စိုက်ပျိုးမြေသို့မသွားခင် နေရာပတ်လည်ကို သေချာစွာစစ်ဆေးရန်
...!

# ပညာပေးခေါင်းစဉ် (၅)

## သတင်းအချက်အလက်/အစီရင်ခံခြင်း

ဤပညာပေးကဏ္ဍတွင် -

- ဘေးအန္တရာယ်ကင်းသည့် အပြုအမူများ၏ အကျိုးကျေးဇူးအား မြှင့်တင်ရန်။
- မိုင်းများ၊ မပေါက်ကွဲသေးသည့် စစ်ကျန် လက်နက် ပစ္စည်းများနှင့် ပတ်သက်၍ ဘေးအန္တရာယ်ကင်းသည့် အပြုအမူများ။
- မိုင်းများ၊ မပေါက်ကွဲသေးသည့် စစ်ကျန်လက်နက်ပစ္စည်းများ တွေ့ရှိလျှင် မည်ကဲ့သို့အသိပေးရန်နှင့် အစီရင်ခံရန်။
- မိမိကိုယ်တိုင်နှင့် အခြားသူများအား မည်ကဲ့သို့ကာကွယ်ရန်။
- လိုက်နာလုပ်ဆောင်ရမည့် အဆင့်များနှင့် လူအများ၏ အသက်အား ကယ်တင်ရာတွင် မည်ကဲ့သို့ အစီရင်ခံရန်၊ အန္တရာယ်ရှိသည့်နေရာအား မည်ကဲ့သို့မှတ်သားရန်။

## အဓိက ပညာပေးသတင်းစကား

- အန္တရာယ်ရှိသည့် နေရာများနှင့် ပတ်သက်၍ သတင်းအချက်အလက် ဖြန့်ဝေအသိပေးခြင်း။
- အန္တရာယ်ရှိသည့် နေရာများနှင့် ပတ်သက်၍ ဒေသခံရပ်ရွာလူထုအား အသိပေးခြင်း။

## အဓိကပညာပေးသတင်းစကားများ

- မိမိမရောက်ဖူးသည့် အရပ်ဒေသသို့သွားလာရမည်ဆိုပါက လုပ်ဆောင်ရမည့် အရာမှာ ဒေသခံများအား အန္တရာယ်ကင်းသည့်နေရာများ၊ လမ်းများအား မေးမြန်းသွားလာခြင်းပင်ဖြစ်သည်။
- ဘေးအန္တရာယ်ကင်း၊ မကင်းသေချာစွာ အရင်မေးမြန်းပြီးမှ နေရာအသစ်သို့ရွှေ့ပြောင်းပါ။
- အန္တရာယ် သတိပေး အမှတ်အသားများ၊ သဲလွန်စများကို သတိရှိစွာ ကြည့်ရှုပြီး သွားလာပါ။
- အန္တရာယ်ကင်းသည့် လမ်းပေါ်မှသာ သွားလာပါ။




မသိသောနေရာသို့မသွားခင် သေချာစွာ မေးမြန်းရန်

## သတင်းအချက်အလက်/အစီရင်ခံခြင်း



## အဓိကပညာပေးသတင်းစကားများ

- သင့်အနေဖြင့် (IDP Camp) တွင် နေထိုင်ပြီး ကိုယ့်ရပ်ရွာသို့ ပြန်သွားလိုပါက စခန်းတာဝန်ခံ (သို့မဟုတ်) သက်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများအား ရွာနှင့်အနီးတဝိုက်တွင် မိုင်းအန္တရာယ်ကင်း/မကင်းသေချာစွာ စုံစမ်းမေးမြန်းပါ။
- မိမိ၏ရပ်ရွာသို့ပြန်လည်ရောက်ရှိပါက အခြားသောဒေသခံ ရွာသားများထံမှလည်း မိုင်းအန္တရာယ်ကင်းသည့် နေရာနှင့် အန္တရာယ်ရှိသည့်နေရာများကို စုံစမ်းမေးမြန်းပါ။

## အဓိကပညာပေးသတင်းစကားများ

- သံသယဖြစ်ဖွယ်ရှိသည့် အရာဝတ္ထုပစ္စည်းများအား တွေ့ရှိပါက မထိ/မကိုင်ပါနှင့်။ အဝေးမှသာနေပါ။ ပြီးလျှင်အခြားသူများအား သတိပေးပါ။
- ရပ်ရွာလူကြီးများ၊ ဘာသာရေးခေါင်းဆောင်များအား အသိပေး၍ ၄င်းတို့မှ တစ်ဆင့် သက်ဆိုင်ရာကို အကြောင်းကြားနိုင်ရန် ဖြစ်သည်။
- မည်သည့် သံသယဖြစ်ဖွယ် အရာဝတ္ထုပစ္စည်းကိုမဆိုတွေ့ရှိပါက လူကြီးများ၊ ဘာသာရေး ခေါင်းဆောင်များ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ လက်နက်ကိုင်တပ်ဖွဲ့များ၊ရဲနှင့် လူမှုရေးအဖွဲ့အစည်းများကို အသိပေးပါ။
- အန္တရာယ်ရှိသည့် နေရာအား သေချာစွာမှတ်သား၍ ဒေသခံပြည်သူလူထုအား အသိပေးပါ။




မသက်ာစရာ ပစ္စည်းများ၊ ပေါက်ကွဲစေနိုင်သည့် ပစ္စည်းများအား တွေ့ရှိပါကသက်ဆိုင်ရာ တာဝန်ရှိသူများအား အဆင့်ဆင့် သတင်းပေးပို့ခြင်း။
၁
၂
၃

# သတင်းအချက်အလက်/အစီရင်ခံခြင်း



## အဓိကပညာပေးသတင်းစကားများ

- သင့်အနေဖြင့် (IDP Camp) တွင် နေထိုင်ပြီး ကိုယ့်ရပ်ရွာသို့ ပြန်သွားလိုပါက စခန်းတာဝန်ခံ (သို့မဟုတ်) သက်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများအား ရွာနှင့်အနီးတဝိုက်တွင် မိုင်းအန္တရာယ်ကင်း/မကင်းသေချာစွာ စုံစမ်းမေးမြန်းပါ။
- မိမိ၏ရပ်ရွာသို့ပြန်လည်ရောက်ရှိပါက အခြားသောဒေသခံ ရွာသားများထံမှလည်း မိုင်းအန္တရာယ်ကင်းသည့် နေရာနှင့် အန္တရာယ်ရှိသည့်နေရာများကို စုံစမ်းမေးမြန်းပါ။

## အဓိကပညာပေးသတင်းစကားများ

- သံသယဖြစ်ဖွယ်ရှိသည့် အရာဝတ္ထုပစ္စည်းများအား တွေ့ရှိပါက မထိ/မကိုင်ပါနှင့်။ အဝေးမှသာနေပါ။ ပြီးလျှင်အခြားသူများအား သတိပေးပါ။
- ရပ်ရွာလူကြီးများ၊ ဘာသာရေးခေါင်းဆောင်များအား အသိပေး၍ ၎င်းတို့မှ တစ်ဆင့် သက်ဆိုင်ရာကို အကြောင်းကြားနိုင်ရန် ဖြစ်သည်။
- မည်သည့် သံသယဖြစ်ဖွယ် အရာဝတ္ထုပစ္စည်းကိုမဆိုတွေ့ရှိပါက လူကြီးများ၊ ဘာသာရေး ခေါင်းဆောင်များ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ လက်နက်ကိုင်တပ်ဖွဲ့များ၊ရဲနှင့် လူမှုရေးအဖွဲ့အစည်းများကို အသိပေးပါ။
- အန္တရာယ်ရှိသည့် နေရာအား သေချာစွာမှတ်သား၍ ဒေသခံပြည်သူလူထုအား အသိပေးပါ။





မသက်ာစရာ ပစ္စည်းများ၊ ပေါက်ကွဲစေနိုင်သည့် ပစ္စည်းများအား တွေ့ရှိပါကသက်ဆိုင်ရာ တာဝန်ရှိသူများအား အဆင့်ဆင့် သတင်းပေးပို့ခြင်း။
၁
၂
၃




## အဓိကပညာပေးသတင်းစကားများ

- ထူးထူးခြားခြားဖြစ်နေသည့် အရာဝတ္ထုပစ္စည်းများအား တွေ့ရှိပါက မထိ/ မကိုင်ပါနှင့်။ အဝေးမှသာနေပါ။
- မိမိနင်းလျှောက်ခဲ့သည့်ခြေရာအားတွေ့ရှိရပါက ထိုခြေရာအတိုင်းတိတိကျကျပြန်နင်း လျှောက်ပြီး နောက်ကြောင်းပြန်လှည့်ပါ။
- အန္တရာယ်ကင်းသည်ဟု သိရှိထားသည့်နေရာသို့ရောက်ရှိပါကသတိပေး အမှတ်အသားပြုလုပ်ခဲ့ခြင်းဖြင့် အခြားသူများကို ကာကွယ်ပါ။


အန္တရာယ်ကင်းသည့်လိုက်နာကျင့်သုံးမှု
၁
ကြည့်
ရပ်
၂

## သတင်းအချက်အလက်/အစီရင်ခံခြင်း




## အဓိကပညာပေးသတင်းစကားများ

- အန္တရာယ်ရှိနေသည့်နေရာအား အခြားသူများကို သတိပေးခြင်းနှင့် တာဝန်ရှိသူများအား အသိပေးခြင်းတို့ကိုဆောင်ရွက်ပါ။
- ထိုနေရာအား အန္တရာယ်ရှိသည့်နေရာအဖြစ် မှတ်သားပါ။


အန္တရာယ်ကင်းသည့်လိုက်နာကျင့်သုံးမှု
၃
ပြန်လှည့်
သတင်းပို့
၄

MINE RISK WORKING GROUP
MRWG

MINISTRY OF SOCIAL WELFARE, RELIEF AND RESETTLEMENT
DEPARTMENT OF REHABILITATION